
Translator-တာယော(Myth Horizon)
စာဖတ်ရင်းနဲ့ အဆင့်တက်မယ်
အခန်း-၁၉

# အခန်း (၁၈၁)

## အဆင့်ခုနစ်၏ သေဆုံးခြင်း၊ လျှို့ဝှက်နည်းစနစ်များကို ကျွမ်းကျင်လာခြင်း (၂)

*

အဘယ်ကြောင့်ဆိုသော် သူ အားကုန်ထုတ်၍ ရုန်းထွက်လာခဲ့သော မမြင်ရသည့် ရေထောင်ချောက်မှာ သူ့ဘေးနား၌ တစ်ဖန်ပြန်လည် ပေါ်ပေါက်လာကြောင်း ရှာဖွေတွေ့ရှိသွား၍ပင်။

ထို့အပြင် သူ၏ အခြေအနေမှာလည်း ပိုမိုဆိုးရွားလာနေကြောင်း ခံစားမိလိုက်၏။

သွေးလောင်ကျွမ်းခြင်း တားမြစ်ကျင့်စဉ်ကို အသုံးပြုရာတွင် သူ ငယ်ရွယ်စဉ်ကဆိုလျှင်

နောက်ထပ် အသက်ရှူကြိမ် အနည်းငယ်ခန့် ဆက်လက် တောင့်ခံထားနိုင်စွမ်း ရှိပေမည်။

သို့သော် ယခုအခါ အသက်အရွယ် ရလာသည်နှင့်အမျှ သူ၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် ယခင်ကလောက် မကောင်းမွန်တော့ချေ။

သွေးလောင်ကျွမ်းခြင်း တားမြစ်ကျင့်စဉ်က သူ၏ ခန္ဓာကိုယ်အပေါ် ပိုမို ပြင်းထန်သော ထိခိုက်မှုများ ဖြစ်ပေါ်စေရုံသာမက ချီသွေးကြောလောင်ကျွမ်းမှုကို ဆက်လက် ထိန်းသိမ်းထားရန်ပင် ခက်ခဲလာစေတော့သည်။

ပို၍ ဆိုးရွားသည်မှာ သူ အသက်ရှူရပ်လုနီးပါး ကန့်သတ်ချက်ဆီသို့ လျင်မြန်စွာ ချဉ်းကပ်လာနေကြောင်း ခံစားလိုက်ရခြင်းပင်။

ထိုသည်ကို သဘောပေါက်သွားသည်နှင့် သူ ရုတ်တရက် အလင်းပွင့်သွားခဲ့၏။

ဤသည်ကပင် ကျန်းနင်တစ်ယောက် သူ့အား ရေထဲသို့ တမင်တကာ မြှူဆွယ် ခေါ်ဆောင်လာခဲ့ခြင်း၏ အကြောင်းရင်း အမှန်ပင် မဟုတ်ပါလား။

အချိန်အတော်ကြာပြီးနောက်...

ကျန်းနင်က သူ့ရှေ့တွင် ပေါလောပေါ်နေသော လျှူချင်းစုန့်၏ အလောင်းအား တိတ်ဆိတ်စွာ စိုက်ကြည့်နေရင်း ဖော်ပြ၍မရသော ခံစားချက်တစ်ခု ရင်ထဲ လွှမ်းခြုံလာခဲ့သည်။

သတ္တမအဆင့် သိုင်းပညာရှင် ဆိုသည်မှာ လော့ရွှေခရိုင် တစ်ခုလုံးတွင် ကောင်းကင်ဘုံ တစ်ခုကဲ့သို့ပင်။

အဘယ်ကြောင့် ချောင်၊ လျှူနှင့် ရှဲ့မိသားစုများက လော့ရွှေခရိုင်၏ ထိပ်တန်း မိသားစုကြီး သုံးခုအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ကြသနည်း။

သတ္တမအဆင့် သိုင်းပညာရှင်တစ်ယောက်

ပိုင်ဆိုင်ထားခြင်းကပင် အဓိက သော့ချက် ဖြစ်လေသည်။

ယခုမူ ဆေးဘုရင် တောင်ကြားမှ ထိုသတ္တမအဆင့် သိုင်းပညာရှင်တစ်ယောက်မှာ သူ၏လက်အောက်တွင် အသက် ပျောက်ဆုံးသွားခဲ့လေပြီဖြစ်သည်။

"ဒါက နတ်ဘုရား ကျင့်စဉ်တွေရဲ့ စွမ်းအားများလား"

ကျန်းနင်က သူ့ဘာသာ တိုးတိုးလေး ရေရွတ်လိုက်မိ၏။

[ရေထိန်းချုပ်ခြင်း သိုင်းကွက်] - ရေအရင်းအမြစ်များကို အနည်းငယ် ထိန်းချုပ်နိုင်စွမ်း သဘာဝအတိုင်း ပါရှိသော နတ်ဘုရားကျင့်စဉ်တစ်မျိုး။

သူက ဤထူးခြားချက်ကို နောက်တစ်ကြိမ်ကြည့်ရှုလိုက်ပြီးနောက် စိတ်ထဲမှ တိတ်ဆိတ်စွာ

တွေးလိုက်သည်။

"ရေအရင်းအမြစ်တွေကို အနည်းငယ် ထိန်းချုပ်နိုင်ရုံလေးနဲ့တင် ရေထဲမှာဆိုရင် မနိုင်တဲ့ ရန်သူကိုတောင် အလွယ်တကူ အနိုင်ယူနိုင်စေတာပဲ..."

"နတ်ဘုရား ကျင့်စဉ်တွေရဲ့ အစွမ်းက တကယ်ကို ကြောက်မက်ဖွယ် ကောင်းလှတယ်"

ထို့နောက် ကျန်းနင်က လျူချင်းစုန့် အနီးသို့ ကပ်သွားပြီး ပြူးကျယ်နေသော မျက်လုံးများကို ညင်သာစွာ ပိတ်ပေးလိုက်သည်။

သေဆုံးရမည့် အချိန်တွင် လျူချင်းစုန့်တစ်ယောက် မည်မျှ မကျေမချမ်း ဖြစ်နေမည်ကို ကျန်းနင် ကောင်းကောင်း သိထား၏။

ရေထဲတွင် အသက်ရှူကြပ်၍ အရှင်လတ်လတ် သေဆုံးရခြင်းမျိုးကို မည်သူက တည်ငြိမ်စွာ လက်ခံနိုင်မည်နည်း။

လျှူချင်းစုန့်ကဲ့သို့ အဆင့်အတန်း မြင့်မားသူ တစ်ယောက်အတွက် ဆိုလျှင်တော့ ပြောစရာပင် မလိုတော့ချေ။

ဤတိုက်ပွဲ အပြီးတွင်တော့ ကျန်းနင်မှာ သတ္တမအဆင့် သိုင်းပညာရှင် တစ်ယောက်၏ စွမ်းအားကို အကြမ်းဖျင်း ခန့်မှန်း သိရှိသွားခဲ့လေပြီ။

အကယ်၍ ကုန်းပေါ်တွင်သာ လျှူချင်းစုန့်အား ရင်ဆိုင်ခဲ့ရပါက သူ့အတွက် အနိုင်ရဖို့ အခွင့်အရေး လုံး၀ ရှိမည် မဟုတ်ပေ။

လှုပ်ရှားမှု အမြန်နှုန်း၊ ပေါက်ကွဲထွက်လာသော စွမ်းအားနှင့် တိုက်ပွဲအတွေ့အကြုံ... မည်သည့် ရှုထောင့်မှ ကြည့်စေကာမူ သူက အဘက်ဘက်မှ လုံး၀ ဖိနှိပ်ခံရမည်မှာ အသေအချာပင်။

ထို့အပြင် လျှူချင်းစုန့်ကဲ့သို့ အတွေ့အကြုံရင့် သတ္တမအဆင့် သိုင်းပညာရှင် တစ်ယောက်တွင်

ရှုပ်ထွေးနက်နဲသော သိုင်းကွက်ပေါင်း များစွာ ရှိနေသေးသည် မဟုတ်ပါလား။

ထိုတားမြစ်ကျင့်စဉ်ကိုပါ ထုတ်သုံးလာပါက သူ၏ လက်ရှိ ခွန်အားဖြင့် လျူချင်းစုန့်၏ သိုင်းကွက် အနည်းငယ် အတွင်းမှာပင် သေချာပေါက် ရှုံးနိမ့်သွားရပေလိမ့်မည်။

"သတ္တမအဆင့် သိုင်းပညာရှင်တွေကို ပေါ့ပေါ့ဆဆ သွားရန်မစသင့်ဘူးပဲ..."

ကျန်းနင်က သူ့ဘာသာ တွေးတောနေလိုက်၏။

ထို့နောက် သူက လျူချင်းစုန့်နှင့် အခြား အဋ္ဌမအဆင့် သိုင်းပညာရှင် နှစ်ယောက်ထံမှ လက်ရပစ္စည်းများကို စတင် ယူဆောင်သိမ်းဆည်းတော့သည်။

အချိန်အနည်းငယ် ကြာပြီးနောက်...

အလောင်း သုံးလောင်းလုံးအား ကျောက်တုံးကြီး တစ်တုံးနှင့် ချည်နှောင်လိုက်ပြီး ထိုကျောက်

တုံးက ရေကန် အောက်ခြေသို့ တဖြည်းဖြည်း နစ်မြုပ်သွားသည်နှင့်အမျှ လျှူချင်းစုန့်တို့၏ ခန္ဓာကိုယ်များမှာလည်း မှောင်မိုက်နေသော ကန်ရေပြင်အောက် လုံးဝ ပျောက်ကွယ်သွား တော့၏။

"ဒီလိုလုပ်လိုက်တော့ ဘယ်သူမှ ဒီအလောင်း သုံးလောင်းကို ရှာတွေ့နိုင်တော့မှာ မဟုတ်ဘူး"

ကျန်းနင်က မျက်စိတစ်ဆုံး မှောင်မိုက်နေသော ရေကန်အောက်ခြေအား အဓိပ္ပာယ်ပါပါ တစ်ချက် စိုက်ကြည့်လိုက်ပြီးနောက် လှည့်ထွက်လာခဲ့သည်။

မကြာမီမှာပင်...

အရှေ့ဘက် ခြံဝင်းဆီသို့...

ယခုအချိန်တွင် သူ၏ နေအိမ်မှာ လုံးဝ တိတ်ဆိတ် ငြိမ်သက်နေလေပြီ။

သူက ကျန်းလီတို့ မိသားစု လေးယောက်အား

သိုင်းခန်းမသို့ သွားရောက်ရန် ညွှန်ကြားထားခဲ့သည် မဟုတ်ပါလား။

အချိန်ကို မှန်းဆကြည့်ရသလောက် သူတို့ ယခုလောက်ဆိုလျှင် သိုင်းခန်းမသို့ ရောက်ရှိနေလောက်ပြီ ဖြစ်သည်။

ထို့ကြောင့် ကျန်းနင် အနေဖြင့် အလျင်လိုနေစရာ မရှိတော့ပေ။

လျူချင်းစုန့်နှင့် အခြားနှစ်ယောက်ထံမှ ရရှိလာသော လက်ရပစ္စည်းများကို စစ်ဆေးရန်မှာသာ အရေးကြီးဆုံး ဖြစ်နေ၏။

ထို့နောက် ကျန်းနင်က လျူချင်းစုန့်တို့ထံမှ သိမ်းဆည်းလာသော ပစ္စည်းများအား သူ့ရှေ့ရှိ စားပွဲပေါ်သို့ တင်လိုက်သည်။

ဆေးပုလင်း အချို့ ငွေစက္ကူများနှင့် ဒင်္ဂါးပြား အနည်းငယ်... ထိုငွေများကြားတွင် ရွှေပြားငယ်နှစ်ပြားလည်း ပါဝင်နေသည်။

ထိုအရာများအပြင် သိုးရေစာလိပ် တစ်ခုနှင့် ဓားပျော့ တစ်လက်သာ ကျန်ရှိတော့၏။

ထိုဓားပျော့မှာ လျူချင်းစုန့် အမြဲတမ်း ကိုင်ဆောင်သည့် လက်နက်ပင်။

လျူချင်းစုန့်တို့ထံမှ ရရှိသည့် လက်ရပစ္စည်းများမှာ သိပ်မများလှပေ။

ခရီးသွားလာရာတွင် ပစ္စည်းအများအပြားသယ်ဆောင်ရန် မလွယ်ကူသောကြောင့် ဤသည်မှာ ကျန်းနင်အတွက် သာမန်ဟုသာ ထင်မှတ်ရသည်။

လူအများစုမှာ အပြင်ထွက်လျှင် ငွေကြေးအနည်းငယ်နှင့် လက်နက် ကိုယ်စီ သယ်ဆောင်သွားတတ်ကြသည် မဟုတ်ပါလား။

သူက တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီးနောက် ငွေကြေးများနှင့် လက်နက်များကို ဆက်လက်စစ်ဆေးနေရန် မလိုအပ်တော့ကြောင်း ဆုံးဖြတ်

လိုက်သည်။

အဓိက အာရုံစိုက် ကြည့်ရှုရမည်မှာ ဆေးပုလင်း အချို့နှင့် သိုးရေစာလိပ်သာ ဖြစ်လေသည်။

ထို့နောက် ကျောက်စိမ်း ဆေးပုလင်း တစ်လုံးကို ကောက်ယူလိုက်၏။

ခွန်အားဖြည့် ဆေးလုံး။

ပုလင်းပေါ်ရှိ တံဆိပ်ကို လှမ်းကြည့်လိုက်သည်နှင့် သူ၏ ရင်ထဲတွင် ဝမ်းသာပျော်ရွှင်မှုတို့ လှိုင်းထလာတော့သည်။

ဤဆေးလုံး အကြောင်းကို သူ ယခင်က ကြားဖူးခဲ့ပြီးသားပင်။ ၎င်းမှာ အဌမအဆင့် နတ်ဘုရားစွမ်းအား နယ်ပယ်အတွက် အလွန်အသုံးဝင်သော အထောက်အကူပြု ဆေးလုံးတစ်မျိုး ဖြစ်သည်။

ကြွက်သားများ၏ ကြံ့ခိုင်မှုကို ပြုပြင်သန့်စင်

ရာတွင် အံ့မခန်း အာနိသင်ကို ပေးစွမ်းနိုင်သည်။

ဤဆေးမှာလည်း ဆေးဘုရင် တောင်ကြားမှ ထွက်ရှိခြင်းပင်။

"ဒါ တော်တော်လေး အသုံးဝင်မှာပဲ..."

ကျန်းနင်က အခြား ဆေးပုလင်း အချို့ကိုပါ ထပ်မံ လေ့လာကြည့်လိုက်သည်။

အမှန်တကယ်ပင် ခွန်အားဖြည့် ဆေးလုံးများ ပါဝင်သော ပုလင်း လေးပုလင်းထိ ရှိနေ၏။

"ဒီဟာတွေက ဟိုအဌမအဆင့် သိုင်းပညာရှင် နှစ်ယောက်အတွက် နေ့စဉ် သောက်သုံးရမယ့် အားဖြည့်ဆေးတွေ ဖြစ်ရမယ်..."

သူ့ဘာသာ တိတ်ဆိတ်စွာ ကောက်ချက်ချလိုက်သည်။

ချက်ချင်းပင် ဆေးပုလင်း တစ်လုံးကို ဖွင့်ကာ ဆေးလုံး နှစ်လုံးအား ထုတ်ယူ၍ ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး သကြားလုံး တစ်လုံးကဲ့သို့

လျင်မြန်စွာ ဝါးစားပစ်လိုက်တော့သည်။

"အရသာ မဆိုးဘူးပဲ"

ကျန်းနင်က ကျေနပ်စွာ ခေါင်းညိတ်ရင်း ခွန်အားဖြည့် ဆေးလုံး ပုလင်း လေးလုံးအား သိမ်းဆည်းထားလိုက်သည်။

ထို့နောက် အခြားပုလင်းများပေါ်ရှိ တံဆိပ်များကို အကဲခတ်ကြည့်လိုက်၏။

"အနာကျက်ဆေးတွေလား... သိပ်တော့ တန်ကြေး မရှိဘူး"

ကျန်းနင်က အနာကျက်ဆေးများကို ဘေးသို့ ဖယ်ထားလိုက်သည်။

ထိုအခါမှ သိုးရေစာလိပ်ကို ကောက်ယူကြည့်တော့သည်။

[ပေါင်းဖိုဆေးစပ် လျှို့ဝှက်ကျင့်စဉ်]

ကျန်းနင်က သိုးရေစာလိပ်ပေါ်ရှိ ထင်ရှားသော စာလုံးကြီး အချို့ကို ဖတ်ရှုပြီးနောက် သူ့အကြည့်

များက အောက်ဘက်သို့ ဆက်လက် ရွေ့လျား သွားသည်။

စာလိပ်ပေါ်တွင်တော့ အနက်ရောင် မှင်ဖြင့် ရေးသားထားသော ဖားလောင်းကဲ့သို့ ရုပ်ထွေး သည့် စာလုံးများက သူ၏ မျက်စိရှေ့တွင် ပေါ်လာ၏။

[စာပေ ဗဟုသုတနှင့် ခွဲခြမ်းစိတ်ဖြာမှု အတွေ့အကြုံ +၁]

[စာပေ ဗဟုသုတနှင့် ခွဲခြမ်းစိတ်ဖြာမှု အတွေ့အကြုံ +၁]

[စာပေ ဗဟုသုတနှင့် ခွဲခြမ်းစိတ်ဖြာမှု အတွေ့အကြုံ +၁]

[...]

လက်ဖက်ရည် တစ်ခွက်သောက်ချိန်၏ ထက်ဝက်ပင် မကြာလိုက်။ သူက စာလိပ် တစ်ခု လုံးကို အစအဆုံး ဖတ်ရှု ပြီးစီးသွားလေပြီ။

ထို့နောက် သူ၏ အကြည့်တို့က စာလိပ်၏ အောက်ခြေတွင် ရေးဆွဲထားသော ပေါင်းဖိုပုံ တစ်ခုပေါ်သို့ ကျရောက်သွားသည်။

မျက်လုံးများဖြင့် စူးစိုက်ကြည့်ရှုလိုက်သည်နှင့် ပေါင်းဖို၏ ပုံရိပ်မှာ သူ၏ မှတ်ဉာဏ်ထဲတွင် ထာဝရ စွဲထင်သွားခဲ့၏။

သိုးရေစာလိပ် တစ်ခုလုံးအား ဖတ်ရှုပြီးချိန်တွင်တော့ ထိုစာလိပ်ထဲ၌ မည်သည့်အရာများ မှတ်တမ်းတင်ထားကြောင်း သူ ကောင်းစွာ နားလည်သွားခဲ့ပြီ ဖြစ်သည်။

၎င်းမှာ လျှို့ဝှက်ကျင့်စဉ် တစ်ခုပင်။

ဆေးဘုရင် တောင်ကြားမှသာ သီးသန့် ပိုင်ဆိုင်သည့် လျှို့ဝှက်ကျင့်စဉ်တစ်မျိုး ဖြစ်လေသည်။

ဤလျှို့ဝှက်ကျင့်စဉ်အား လေ့ကျင့်ရန်မှာ အလွန် ရိုးရှင်းလှ၏။ စာလိပ်ပေါ်ရှိ ပေါင်းဖို၏ ပုံရိပ်ကို မိမိ၏ စိတ်ထဲတွင် အပြည့်အဝ ပုံဖော်

နိုင်သည်နှင့် အောင်မြင်မှုမှာ သူ့အလိုလို လိုက်ပါလာမည်ဖြစ်သည်။

ကျင့်စဉ်၏ လုပ်ဆောင်နိုင်စွမ်းမှာလည်း ရိုးရှင်းလှသည်။

၎င်းက ဆေးလုံးများ၏ ဆေးစွမ်းအာနိသင်ကို ပြောင်းလဲ သန့်စင်ပေးပြီး ခန္ဓာကိုယ်မှ စုပ်ယူနိုင်ရန် အကူအညီ ပေးခြင်းပင်။

လိုအပ်လာသည့် အချိန်တွင် စာလိပ်ပေါ်ရှိ ပေါင်းဖိုကို စိတ်ထဲ၌ ပုံဖော်ကြည့်ရမည်ဖြစ်သည်။

ထို့နောက် မိမိ၏ ချီသွေးကြောကို လောင်စာအဖြစ် အသုံးပြု၍ ပေါင်းဖိုအား အသက်သွင်းကာ ဆေးလုံးများကို ပြောင်းလဲ သန့်စင်ရမည်။

ဤနည်းအားဖြင့် ဆေးလုံးများကို လျင်မြန်စွာ ပြောင်းလဲ သန့်စင်နိုင်ပြီး ၎င်းတို့၏ ဆေးစွမ်းအာနိသင်များကို အပြည့်အဝ ထုတ်လွှတ်နိုင်

မည်ဖြစ်၏။

ထိုလှိုင်းမှတ်ကျင့်စဉ်၏ အထူးခြားဆုံး အချက်မှာ ဆေးလုံးများ၏ စုပ်ယူနိုင်စွမ်းကို တိုးမြင့်စေပြီး ဆေး၏ အဆိပ်အတောက်များကို လျော့ကျစေခြင်းပင်။

ယေဘုယျအားဖြင့် ဆေးတစ်လုံး၏ ဆေးစွမ်း အာနိသင်ကို အပြည့်အဝ စုပ်ယူနိုင်ရန်မှာ အလွန် ခက်ခဲလှသည်။

သာမန်လူများ အနေဖြင့် (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းခန့်သာ စုပ်ယူနိုင်စွမ်း ရှိကြပြီး ထိုပမာဏကပင် အတော်လေး ကောင်းမွန်နေပြီ ဟု ဆိုရမည်။

သို့သော် မွေးရာပါ ပါရမီ ပိုမို ကောင်းမွန်သူများ အဖို့မူ ဆေးလုံးများသာမက ကောင်းကင်နှင့် မြေကြီး၏ အဖိုးတန် ရတနာများကိုပါ စုပ်ယူနိုင်စွမ်း ပိုမို မြင့်မားကြလေသည်။

ယခု လျှို့ဝှက်ကျင့်စဉ်ကို အသုံးပြု၍ ဆေးလုံးများကို သန့်စင်လိုက်ခြင်းဖြင့် စုပ်ယူနိုင်စွမ်းကို တိုးတက်စေရုံသာမက အဆိပ်အတောက် စုပုံလာမှုများကိုပါ သိသိသာသာ လျော့ကျသွားစေနိုင်သည်။

အဆိပ်အတောက်နှင့် ပတ်သက်၍ ဆိုရလျှင် ဆေးတိုင်းတွင် သူ့အဆိပ်နှင့်သူ ရှိကြစမြဲပင်။ ထို့ကြောင့် မည်မျှပင် အစွမ်းထက်ပြီး အဖိုးတန်သော ဆေးဝါးမျိုး ဖြစ်စေကာမူ ခန္ဓာကိုယ်တွင်း၌ အကြွင်းအကျန် အဆိပ်အတောက်အချို့ ကျန်ရစ်နေမည်မှာ ရှောင်လွှဲ၍ မရနိုင်သော အမှန်တရား တစ်ခုသာဖြစ်သည်။

အချိန်ကြာလာသည်နှင့်အမျှ ထိုကဲ့သို့ ရေရှည်စုပုံလာမှုများက ခန္ဓာကိုယ်အပေါ် ကြီးမားသော ဆိုးကျိုးများ သက်ရောက်စေမည် ဖြစ်သည်။

သိုးရေစာလိပ်မှ ဤလျှို့ဝှက်ကျင့်စဉ်အား

နားလည် သဘောပေါက်သွားချိန်တွင်တော့ ကျန်းနင်မှာ များစွာ ဝမ်းသာ ပျော်ရွှင်သွားခဲ့၏။

ယခုအချိန်တွင် သူ့အတွက် ပေါင်းဖိုဆေးစပ် လှျို့ဝှက်ကျင့်စဉ်မှာ အလွန်တရာ လက်တွေ့ကျပြီး အသုံးဝင်သော အရာတစ်ခု ဖြစ်နေလေပြီ။

"တစ်ချက်လောက် စမ်းကြည့်ရအောင်..."

ကျန်းနင်က စိတ်အားထက်သန်စွာ တွေးလိုက်သည်။

ထို့နောက် ထိုနေရာ၌ပင် တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်တော့သည်။

သူ၏ စိတ်အာရုံထဲတွင် သိုးရေစာလိပ်ပေါ်ရှိ ပေါင်းဖို၏ ပုံရိပ်က ချက်ချင်းဆိုသလို ရှင်းလင်းပြတ်သားစွာ ထွက်ပေါ်လာ၏။

ဤအချိန်တွင် သူ၏ အရာအားလုံးကို အလွတ်မှတ်မိနိုင်သော စွမ်းရည်မှာ အပြည့်အဝ

အသုံးဝင်လာခဲ့လေသည်။

အခြားသူများအတွက် အခက်ခဲဆုံး ဖြစ်နေမည့် အရာက သူ့အဖို့တော့ ရေသောက်သကဲ့သို့ လွယ်ကူ ရိုးရှင်းနေသည် မဟုတ်ပါလား။

ဤလျှို့ဝှက်ကျင့်စဉ်၏ နောက်ထပ် လိုအပ်ချက် တစ်ခု ဖြစ်သည့် မိမိကိုယ်ကို အတွင်းပိုင်း ပြန်လည် မြင်တွေ့နိုင်သော ဝိညာဉ်စွမ်းအားကို ကျွမ်းကျင်ပိုင်နိုင်ရန်မှာလည်း ကျင့်စဉ်၏ အခြေခံ သတ်မှတ်ချက် တစ်ခုသာ ဖြစ်သည်။

ယခုအခိုက်အတန့်တွင် ကျန်းနင်မှာ ထို လိုအပ်ချက် နှစ်ခုလုံးကို အပြည့်အဝ ပိုင်ဆိုင် ထားခဲ့ပြီးဖြစ်၏။

နောက်တစ်ခဏတွင်...

ကျန်းနင်က သူ၏ ဝိညာဉ်စွမ်းအားများကို စုစည်းကာ ပေါင်းဖိုကို စတင် ပုံဖော်တော့သည်။

ဝုန်း...

စိတ်အာရုံပုံဖော်မှုထဲတွင် ပေါင်းဖို၏ အောက်ခြေ၌ ကြမ်းတမ်းသော မီးတောက်များ ရုတ်တရက် တောက်လောင်လာပြီး ပြင်းထန်သည့် အပူရှိန်တို့ဖြင့် ဖုံးလွှမ်းသွားလေသည်။

ထိုအချိန်၌ အနီးအနားတွင်သာ တစ်စုံတစ်ယောက် ရှိနေခဲ့မည် ဆိုပါက ကျန်းနင် တစ်ယောက် တောက်လောင်နေသော မီးပုံကြီး တစ်ခုကဲ့သို့ အံ့မခန်း အပူရှိန်များ ဖြာထွက်နေသည်ကို ခံစားမိပေလိမ့်မည်။

ထိုအပူလှိုင်းများကြောင့် လေထုမှာပင် နွေရာသီ အလယ်ခေါင် ကဲ့သို့ အနည်းငယ် ပုံပျက်သွားသယောင် ထင်မှတ်ရ၏။

အချိန်များမှာ အသက်ရှူကြိမ် တစ်ကြိမ်ပြီး တစ်ကြိမ် တဖြည်းဖြည်း ကုန်လွန်သွားသည်။

အသက်ရှူကြိမ် အချိန်အနည်းငယ် ကြာပြီးနောက် ကျန်းနင်က ပေါင်းဖိုအား ပုံဖော်နေမှုကို

ရပ်တန့်လိုက်ပြီး မျက်လုံးများကို ဆတ်ခနဲ ဖွင့်ကြည့်လာတော့သည်။

"တော်တော်လေး စွမ်းအင် ကုန်ခမ်းတာပဲ..."

သူ၏ ခန္ဓာကိုယ်တွင်းရှိ အပြောင်းအလဲများကို ခံစားကြည့်ရင်း စိတ်ထဲ တိတ်ဆိတ်စွာ အံ့အားသင့်သွားမိသည်။

ယခုအချိန်တွင် သူ၏ ချီသွေးကြော စွမ်းအင်များ သိသိသာသာ ကုန်ခမ်းသွားသည်ကို ခံစားလိုက်ရ၏။

ထိုသို့ စွမ်းအင် ကုန်ခမ်းသွားမှုမှာ သိုင်းပညာကို နာရီပေါင်းများစွာ အဆက်မပြတ် လေ့ကျင့်ခဲ့သည်ထက်ပင် လျော့နည်းခြင်း မရှိချေ။

ထို့နောက် အတွင်းပိုင်းမှ အပြောင်းအလဲများကို အတည်ပြုရန် သူ၏ ခန္ဓာကိုယ်အား အတွင်းပိုင်း အာရုံခံ ကြည့်ရှုလိုက်သည်။

သူ အစောပိုင်းက ခွန်အားဖြည့် ဆေးလုံး နှစ်

လုံး မြို့ချထားခဲ့သည်ဖြစ်ရာ ထိုဆေးလုံးများ ပေါင်းဖိုဆေးစပ် လျှို့ဝှက်ကျင့်စဥ်အောက်တွင် မည်ကဲ့သို့ ပြောင်းလဲ သန့်စင်သွားသည်ကို သိရှိလိုခြင်းပင်။

အတွင်းပိုင်းသို့ အာရုံခံကြည့်လိုက်သည်နှင့် ဝမ်းဗိုက်ထဲ၌ သန့်စင်နေသော ဆေးရည်အစုအဝေး တစ်ခုကို ချက်ချင်း မြင်တွေ့လိုက်ရသည်။

"ဒါက ခွန်အားဖြည့် ဆေးလုံးတွေကို သန့်စင်လို့ ရလာတဲ့ ဆေးရည်တွေများလား..."

ကျန်းနင်က အတွေးနက်စွာ ရေရွတ်မိ၏။

ထိုစဥ်မှာပင်...

"ဟိုဟာက ဘာကြီးလဲ..."

သူ၏ ရင်ခုန်သံများ ရုတ်တရက် မြန်ဆန်တင်းကျပ်သွားတော့သည်။

End

***